# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

**August 8 , 2025** — **Volume 93, Number 6**


**၈. ၈.၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၆.၄၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၅.၀၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၂.၃၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၉.၉၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၃၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၃၉၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၀၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၅.၂၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၉၄ ကျပ် |

## GAP စနစ်ဖြင့် မြေပဲနှမ်းစိုက်ပျိုးမှု ယခင်နှစ်များထက် ပိုများလာ



မကွေးတိုင်းဒေသကြီးမှာ GAP စနစ်နဲ့ မြေပဲ၊ နှမ်းစိုက်ပျိုးမှုတွေဟာ တစ်နှစ်ထက်တစ်နှစ်ပိုများလာတယ်လို့မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနကနေသိရပါတယ်။

GAPဆိုတာမြေပြုပြင်စိုက်ပျိုးထုတ်လုပ်တာကစပြီး စားသုံးသူလက်ထဲရောက်တဲ့အထိထုတ်လုပ်မှုကွင်းဆက်တိုင်းမှာ စားသုံးသူအတွက်အန္တရာယ်ဖြစ်စေတဲ့ ကူးစက်ညစ်ညမ်းမှု အနည်းဆုံးဖြစ်စေဖို့ လိုက်နာရမဲ့ နည်းလမ်းတွေကို စုစည်းထားတဲ့ စံလုပ်ထုံးလုပ်နည်းလမ်းညွှန်မှုတွေဖြစ်တယ်လို့ဆိုပါတယ်။

မကွေးတိုင်းဒေသကြီးမှာ မိုးနဲ့ဆောင်းရာသီအစောပိုင်းတွေမှာ ဆီထွက်သီးနှံမျိုးစုံကိုစိုက်ပျိုးကြရာမှာမြေပဲနဲ့နှမ်းကိုတော့ အဓိထားစိုက်ပျိုးကြတယ်လို့ သိရပါတယ်။

GAP စနစ်နဲ့မြေပဲနှမ်းစိုက်ပျိုးမှုကိုတော့ ၂၀၁၇ ခုနှစ်မှာစတင်လုပ်ဆောင်ခဲ့တာဖြစ်ပြီးတစ်နှစ်ထက်တစ်နှစ်စိုက်ဧကတွေတိုးချဲ့စိုက်ပျိုးလာကြတယ်လို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးဦးယဉ်ထွန်းက ပြောပါတယ်။

GAP စနစ်နဲ့စိုက်ပျိုးထုတ်လုပ်တဲ့သီးနှံတွေဟာ ဓာတုကင်းစင်ပြီး အရည်အသွေးကောင်းမွန်တာကြောင့် ဈေးကွက်မှာယှဉ်ပြိုင်နိုင်ပြီး စိုက်ပျိုးထုတ်လုပ်သူတွေအတွက်အကျိုးအမြတ်များသလိုလူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေမှာဖြစ်တယ်လို့လည်းဆိုပါတယ်။

မကွေးတိုင်းဒေသကြီးမှာ သီးနှံစုံစိုက်ဧကသိန်း ၅၀ ခန့်ရှိပြီး မြေပဲ၊ နှမ်းစိုက်ဧကကတော့ သိန်း ၃၀ လောက် ရှိတယ်လို့လည်း သိရပါတယ်။

**Source :** https://onenewstvchannel.com/


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## အိန္ဒိယသို့ မြန်မာ့ကွမ်းသီးတင်ပို့မှုတိုးတက်



ပြီးခဲ့တဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံကို မြန်မာနိုင်ငံမှ ကွမ်းသီးတင်ပို့မှု သိသိသာသာ တိုးတက်ခဲ့ကြောင်း အိန္ဒိယစီးပွားရေးနှင့်စက်မှုဝန်ကြီးဌာနရဲ့ စာရင်းတွေအရ သိရပါတယ်။

အိန္ဒိယနိုင်ငံရဲ့ စုစုပေါင်းကွမ်းသီးတင်သွင်းမှုတန်ဖိုးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁၄၇ ဒသမ ၉၉ သန်း ရှိခဲ့ရာမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁၄၃ ဒသမ ၄၅ သန်းကို ရောက်ရှိခဲ့ပါတယ်။

မြန်မာနိုင်ငံကနေအိန္ဒိယကိုတင်ပို့တဲ့ ကွမ်းသီးတန်ဖိုးအနေနဲ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၆၁ သန်းမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၂၀ သန်း သို့တိုးလာခဲ့ပါတယ်။

ဒါကြောင့် အိန္ဒိယရဲ့ မြန်မာ့ကွမ်းသီးဝယ်လိုအားတစ်နှစ်အတွင်း ကန်ဒေါ်လာ ၁၇ သန်းကျော်ဖိုး တိုးတက်ခဲ့တာကို အိန္ဒိယအစိုးရရဲ့အချက်အလက်မှာ တွေ့ရပါတယ်။

မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ ကွမ်းသီးခြောက်တွေကို အိန္ဒိယနိုင်ငံကို ၃နှစ် စာချုပ်နဲ့တင်ပို့ဖို့ ၂၀၂၄ ခုနှစ်မှာ သဘောတူညီမှု ရရှိထားပါတယ်။

လက်ရှိမှာ မြန်မာနိုင်ငံကစိုက်ပျိုးထွက်ရှိတဲ့ ကွမ်းသီးကို တရုတ်နိုင်ငံမှ အများဆုံးဝယ်ယူလျက်ရှိပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကွမ်းသီးစိုက်ဧက ၂၅၀,၀၀၀ ကျော်ရှိပြီး တန်ချိန် ၂၃၀,၀၀၀ ခန့်ထွက်ရှိပါတယ်။

မွန်ပြည်နယ်အတွင်း ဧက ၅၀,၀၀၀ ကျော်စိုက်ပျိုးထားရှိပြီး တန်ချိန် ၉၀,၀၀၀ ထွက်ရှိကာ မြန်မာ့ကွမ်းသီးစိုက်ပျိုးမှုမှာ ထွက်ရှိမှုအများဆုံးပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။

**Source : BETV Business**

## ကျောက်တလုံးကြီးမြို့နယ်၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသော နနွင်းပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့နယ်၌ မိသားစုအပိုဝင်ငွေရရှိရန် တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသော နနွင်းပင်များ အောင်မြင်ဖြစ်ထွန်းလျက် ရှိကြောင်း သိရသည်။

နနွင်းပင်များ စိုက်ပျိုးရာတွင် နနွင်းမျိုးများ အရည်အသွေးကောင်းမွန်ရန် လိုအပ်ကြောင်း၊စိုက်ပျိုးမည့် စိုက်ပေါင်နှင့်စိုက်ကျင်းအနက်တို့အား စနစ်တကျပြုလုပ်ပေးရပြီးမျိုးမချမီစိုက်ပေါင်ကို နွားချေးနှင့်မြေဩဇာများ ရောစပ်၍ ထည့်ကာ ရေဖြင့်ခြောက်နာရီခန့် ကြိုတင်နှပ်ထားရကြောင်း၊ နနွင်းပင်များ စိုက်ပျိုးရာတွင် တစ်ပင်နှင့်တစ်ပင်ကြား အနည်းဆုံးခြောက် လက်မခြား စိုက်ပျိုးရကြောင်း၊ အချိန်မီ ပုံမှန်ပေါင်းရှင်း၊ မြေဆွပေးရန် လိုအပ်ကြောင်း သိရသည်။

အဆိုပါနနွင်းပင်ကို ၂၀၂၅ ခုနှစ် ဧပြီလတွင် စိုက်ပျိုးပြီး အောက်တိုဘာလတွင် နနွင်းအတက်များ စတင်တူးဖော်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ဂန္ဓာမာပန်းမျိုးစုံ စိုက်ပျိုးရောင်းချသူများ အဆင်ပြေလျက်ရှိ



ကျောက်ဆည်မြို့နယ် ၊ ထားဝယ်ကျေးရွာတွင် နေ့စဉ်ဝင်ငွေရရှိပြီး မိသားစုစားဝတ်နေရေး အဆင်ပြေရန်အတွက် ဂန္ဓာမာပန်းမျိုးစုံကို နှစ်ပတ်လည် စိုက်ပျိုးရောင်းချသည့် မိသားစုများရှိကြောင်း၊ စိုက်ပျိုးထားသော ဂန္ဓာမာပန်းခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး နေ့စဉ်ခူးဆွတ် ရောင်းချရသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း၊ ပန်းမျိုးအနေဖြင့် ရွှေစိမ်းအနီ၊ ခိုင်ချူး၊ စပယ်အဖြူ၊ စပယ်အဝါ၊ ကျောက်စိမ်း၊ ရွှေဝါဝင်းစသည့် ပန်းမျိုးကွဲများစွာရှိကြောင်း၊ ပန်းပျိုးပင်များကို ပြင်ဦးလွင်မြို့အနီးစခန်းကျေးရွာများမှ တစ်ပင်လျှင် ၂၅-၃၀ ကျပ်အထိ ပန်းအမျိုးအစားအလိုက် ဝယ်ယူစိုက်ပျိုးကြကြောင်း ၊ တစ်ဧကစိုက်ပျိုးမည်ဆိုပါက ပန်းပျိုးပင်ရေ ၆ သောင်းခန့် စိုက်ပျိုးနိုင်ကြောင်း ၊ စတင်စိုက်ပျိုးပြီး ၄ လခန့်အကြာတွင် စတင်ခူးဆွတ်ရောင်းချရကြောင်း ၊ ရောင်းချရာတွင် ပန်းခိုင် ၁၀ ခိုင်ခန့် ပါဝင်သောပန်းတစ်စည်းလျှင် ပန်းလှပမှုနှင့် ပန်းအမျိုးအစားပေါ်မူတည်၍ လက်လီဈေးနှုန်းအနေဖြင့် ၂၀၀၀-၂၅၀၀ ကျပ်နှုန်းခန့် ရောင်းချရကြောင်း၊ ပန်းစတင်ခူးဆွတ်ချိန်မှ အပြီးရိတ်သိမ်းချိန်အထိပန်းအစည်းပေါင်း ၂၅၀၀ ခန့်ထွက်ရှိပြီး၊ လက်ကားဈေး တစ်စည်းကို ၁၇၀၀ ကျပ်ဖြင့် ရောင်းချရသောကြောင့် တစ်ဧကကုန်ကျစရိတ် အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ၂၅ သိန်းခန့်ကုန်ကျပြီး အကျိုးအမြတ်အနေဖြင့် ၁၇ သိန်း ကျပ်ခန့်အမြတ်ရရှိကြောင်း၊ ဂန္ဓာမာပန်းများကို နှစ်ပတ်လည်စိုက်ပျိုးရောင်းချသူများအနေဖြင့် နေ့စဉ်ဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိကြောင်းသိရသည်။

Source : DOCA(မန္တလေး)

https://www.doca.gov.mm/

## ကန့်ဘလူမြို့နယ်တွင် တစ်နိုင်တစ်ပိုင် နဂါးမောက်သီး စိုက်ပျိုးခြင်းဖြင့် ဝင်ငွေရရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်ပြီး လယ်ယာထွက်ကုန်သီးနှံများကို စိုက်ပျိုးကြသကဲ့သို့ ဥယျာဉ်ခြံထွက်သီးနှံများကိုလည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြကြောင်း သိရသည်။

မြန်မာနိုင်ငံ၌စိုက်ပျိုးလျက်ရှိသော နဂါးမောက်မျိုးများမှာ အပြင်အခွံအနီရောင်နှင့် အတွင်းသားအဖြူရောင်ရှိသောမျိုး၊ အပြင်ခွံအနီရောင်နှင့်အတွင်းသားအနီရောင်ရှိသောမျိုး၊ အပြင်ခွံအဝါရောင်နှင့်အတွင်းသားအဖြူရောင်ရှိသောမျိုးတို့ဖြစ်ကြသည်။

ကန့်ဘလူမြို့နယ် ဆိတ်ဖူးမြောင်ကျေးရွာ၊ အင်ကြင်းစုကျေးရွာနှင့် အခြားကျေးရွာများတွင် နဂါးမောက်သီးများကို မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးကြရာ ယခုအချိန်သည်နဂါးမောက်သီးများ ခူးဆွတ်ရာသီဖြစ်သောကြောင့် ဈေးကွက်အတွင်း ရောင်းချနေကြောင်း၊ နဂါးမောက်သီးသည် မေလမှအောက်တိုလာလအထိ ၇-၈ ကြိမ်ခန့် ခူးဆွတ်ရပြီး တစ်နှစ်လျှင် ၅-၆ လခန့် ဝင်ငွေရရှိနိုင်သော စီးပွားရေးတွက်ခြေကိုက်သည့်ဥယျာဉ်ခြံထွက်သီးနှံတစ်ခုဖြစ်ကြောင်း၊ ဇူလိုင်လ စတုတ္ထပတ်အတွင်း ကန့်ဘလူမြို့

TIR

သစ်သီးဈေးကွက်တွင် ရောင်းချနေသော နဂါးမောက်သီးဈေးနှုန်းများမှာ အသေးတစ်လုံးလျှင် ၅၀၀ မှ ၁၀၀၀ ကျပ်နှင့် အကြီး တစ်လုံးလျှင် ၁၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သစ်သီးဆိုင်များမှ သိရသည်။

**Source : DOCA**(စစ်ကိုင်း)

https://www.doca.gov.mm/

## ဂျကာတာမြို့နှင့် စင်ကာပူမြို့အကြား Pelita Air စတင်ပြေးဆွဲမည်

အင်ဒိုနီးရှားလေကြောင်းလိုင်းဖြစ်သည့် Pelita Air သည် ဂျကာတာမြို့နှင့် စင်ကာပူမြို့အကြား ဩဂုတ်လ ၁၈ ရက်နေ့မှ စ၍ ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း လေကြောင်းလိုင်း၏ ဝက်ဘ်ဆိုဒ် စာမျက်နှာတွင် ဖော်ပြထားသည်။

အဆိုပါပျံသန်းပြေးဆွဲမှုသည် Pelita Air လေကြောင်းလိုင်းအတွက် ပထမအကြိမ် နိုင်ငံတကာ လေကြောင်းပျံသန်းမှု ဈေးကွက်သို့ ဝင်ရောက်ခြင်းဖြစ်သည်။ Pelita Air လေကြောင်းလိုင်းသည် Jetstar Asia လေကြောင်းလိုင်း check in နေရာ ဖြစ်သည့် Terminal 4 တွင် နေရာယူဆောင်ရွက်မည်ဖြစ်ပြီး လေဆိပ်မြေပြင်ဝန်ဆောင်မှုနှင့် လေယာဉ်ပေါ် အစားအစာ ဝန်ဆောင်မှုတို့အတွက် Sats ကုမ္ပဏီကို အသုံးပြုမည်ဖြစ်သည်။

လေကြောင်းပျံသန်းမှုစိစစ်သည့်စက်ဖြစ်သည့် OAG ၏ အချက်အလက်များအရ ၂၀၂၄ ခုနှစ်တွင် ဂျကာတာမြို့ Soekarno-Hatta အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူချန်ဂီလေဆိပ်အကြား ပျံသန်းမှုမှာ နိုင်ငံတကာလေကြောင်းပျံသန်းမှုအများဆုံး အဆင့် ၈ ဖြစ်ခဲ့သည်။

၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ဂျကာတာမြို့မှ စင်ကာပူမြို့သို့ ပျံသန်းမှုမှာ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

Pelita Air လေကြောင်းလိုင်း၏ဝက်ဘ်ဆိုဒ်စာမျက်နှာတွင်ဖော်ပြချက်အရ ဂျကာတာမြို့မှ ဒေသစံတော်ချိန် မနက် ၇ နာရီ ၁၀ မိနစ်တွင်ထွက်ခွာမည်ဖြစ်ပြီး စင်ကာပူမြို့သို့ နံနက် ၁၀ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။ အပြန်ခရီးစဉ်အတွက် စင်ကာပူမြို့မှ ဒေသစံတော်ချိန် ၁၁ နာရီတွင်ထွက်ခွာမည်ဖြစ်ပြီး ဂျကာတာမြို့သို့ ဒေသစံတော်ချိန် နေ့လယ် ၁၁ နာရီ ၅၀ တွင် ဆိုက်ရောက်မည်ဖြစ်သည်။

**Source : The Business Times**

**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

https://myantrade.gov.mm/

## ချစ်ပ်တင်သွင်းမှုကို အခွန် ၁၀၀ ရာခိုင်နှုန်းကောက်မည်ဟု ထရမ့်ပြော




အမေရိကန်ပြည်ထောင်စုမှာ ထုတ်လုပ်ခြင်းမရှိဘဲ အခြားနိုင်ငံတွေကနေ တင်သွင်းလာတဲ့ တစ်ပိုင်းလျှပ်ကူးပစ္စည်းချစ်ပ်တွေအပေါ် ၁၀၀ ရာခိုင်နှုန်း စည်းကြပ်ခွန် ကောက်ခံတော့မှာဖြစ်တယ်လို့ သမ္မတ ဒေါ်နယ် ထရမ့်က ပြောကြားလာတာကို Reuters သတင်းက ဖော်ပြထားပါတယ်။

အကောက်ခွန်နှုန်းထားသစ်က "အမေရိကန်ပြည်ထောင်စုကို ရောက်ရှိလာတဲ့ ချစ်ပ်တွေနဲ့ တစ်ပိုင်းလျှပ်ကူးပစ္စည်းအားလုံး" အတွက် အကျုံးဝင်မှာ ဖြစ်တယ်လို့ အိမ်ဖြူတော်မှာ သတင်းထောက်တွေကို ထရမ့်က ပြောကြားခဲ့တာပါ ။

ဒါပေမဲ့အမေရိကန်မှာထုတ်လုပ်ဖို့ကတိကဝတ်ပြုထားတဲ့ကုမ္ပဏီတွေနဲ့တော့ သက်ဆိုင်မှာမဟုတ်ဘဲ နောက်ဆက်တွဲ အခွန် ကောက်ခံမဲ့ အသေးစိတ်အချက်အလက်တွေကိုတော့ မကြာခင်ထုတ်ပြန်သွားမှာ ဖြစ်တယ်လို့လည်း ထရမ့်ကပြောကြားထား ပါတယ်။

ထရမ့်ရဲ့စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံမှုက “ အမေရိကမှာ ဆောက်လုပ်ဖို့ ငွေကြေးတတ်နိုင်ကြတဲ့ ကုမ္ပဏီတွေက အကျိုးအမြတ် အများဆုံး ဖြစ်လာမှာပါ။ အဲဒါက အကြီးမားဆုံး ရှင်သန်မှုပါပဲ” လို့ ရင်းနှီးမြှုပ်နှံမှု အကြံပေးကုမ္ပဏီ Annex Wealth Management က စီးပွားရေးပညာရှင်က ပြောကြားထားပါတယ်။ဒီလို တစ်ပိုင်းလျှပ်ကူးပစ္စည်း ချစ်ပ်တွေအပေါ် ၁၀၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ခွန်ကောက်ခံမှုက တရုတ်နိုင်ငံကို အဓိကဦးတည်ပစ်မှတ်ထားတာဖြစ်တယ်လို့လည်း ထရမ့်ကပြောကြားထားပါတယ်။

Source : https://onenewstvchannel.com/

## တရုတ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ၅ ဒသမ၄ ရာခိုင်နှုန်းမြင့်တက်




တရုတ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် တိုးတက်လာခဲ့ကြောင်း တရားဝင်အချက်အလက်များ ၂၁-၇-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုအဖွဲ့ (NEA) ၏ ထုတ်ပြန်ချက်အရ ဇွန်လတွင်လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ၂၀၂၄ ခုနှစ်အလားတူကာလတူထက်၅ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး Kilowatt-hours ၈၆၇ ဘီလီယံအထိ ရောက်ရှိခဲ့သည်။

ဇွန်လအတွင်း ပထမတန်းနှင့်ဒုတိယတန်းလုပ်ငန်းများ၏ ဓာတ်အားသုံးစွဲမှုမှာ ၂၀၂၄ ခုနှစ် ကာလတူထက် ၄ ဒသမ၉ ရာခိုင်နှုန်းနှင့် ၃ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပြီး Kilowatt-hours ၁၃ ဒသမ ၃ ဘီလီယံနှင့် ၅၄၈ ဒသမ၈ ဘီလီယံ အထိ ရှိခဲ့သည်။

တတိယတန်းလုပ်ငန်းများ၏ ဓာတ်အားသုံးစွဲမှုမှာ ၂၀၂၄ ခုနှစ် ကာလတူထက် ၉ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး Kilowatt-hours ၁၇၅ ဒသမ ၈ ဘီလီယံအထိ ရှိခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း နိုင်ငံအတွင်းရှိ ပြည်သူများ၏လျှပ်စစ်ဓာတ်အားသုံးစွဲမှုစုစုပေါင်းမှာ Kilowatt-hours ၁၂၉ ဒသမ၁ ဘီလီယံ ရှိခဲ့ပြီး ၂၀၂၄ ခုနှစ် ကာလတူထက် ၁၀ ဒသမ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှဇွန်လအထိ တရုတ်နိုင်ငံ၏ စုစုပေါင်းဓာတ်အားသုံးစွဲမှုသည် ၂၀၂၄ ခုနှစ် ကာလတူထက် ၃ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး Kilowatt-hours ၄ ဒသမ ၈၄ ထရီလီယံကျော်ရှိခဲ့သည်။

**Source : DOCA (ရန်ကုန်)**

https://www.doca.gov.mm/

# STOCK EXCHANGE (8.8.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 8th Aug, 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,642 (Shares) | 15,530,150 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | -100 | -1.39% | 7,200 | 7,200 | 7,100 | 631 | 4,500,100 | 33,109,694 | 235,079 |
| MTSH | 00002 | 3,150 | -200 | -5.97% | 3,150 | 3,150 | 3,100 | 436 | 1,370,900 | 38,929,150 | 122,627 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 1 | 7,700 | 10,400,986 | 80,088 |
| FPB | 00004 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 31 | 62,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 1,000 | 2,600,000 | 12,823,224 | 33,340 |
| EFR | 00006 | 1,650 | +50 | +3.13% | 1,550 | 1,650 | 1,550 | 2,780 | 4,485,600 | 19,977,223 | 32,962 |
| AMATA | 00007 | 3,450 | -50 | -1.43% | 3,200 | 3,450 | 3,200 | 763 | 2,503,850 | 10,497,598 | 36,217 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 0 | 0 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 8th Aug, 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.93 | -5.63 | -1.54% | 358.23 | 359.60 | 357.87 | 5,642 | 15,530,150 | 8 | 677,008 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 8th Aug, 2025

| Trading Volume | Trading Value |
|---|---|
| 5,642 (Shares) | 15,530,150 (MMK) |

## Main Board

As of 1:00 pm, 8th Aug, 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,642 (Shares) | 15,530,150 (MMK) |

| MYANPIX | 358.93 ▼ 5.63 |
|---|---|
| Total Volume (shares) | 5,642 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 677,008 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▼ 100 |
| MTSH | 00002 | 3,150 | ▼ 200 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 50 |
| AMATA | 00007 | 3,450 | ▼ 50 |
| MAEX | 00008 | 3,250 | ▲ 0 |